mgyoe.com

SAMPLE BOOK



သစ်ခက်အိမ်

mgyoe.com

mgyoe.com SAMPLE BOOK

အနည်းဆုံးတော့
သေမှာ ကြောက်တာချင်း တူကြတာပဲ
အဲ့ဒါကြောင့်
မသေခင် ချစ်ကြမယ်...



ဘာညာကွိုကွ ( သစ်ခက်အိမ် )
9 782023 000304


mgyoe.com

COVERDESIGN : NAYMYOSAY

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၃၀)

## ပုံနှိပ်မှတ်တမ်း



# သစ်ခက်အိမ်

# ဘာညာကွိကွ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ မတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ နေမျိုးဆေး

အတွင်းဒီဇိုင်း ♦ ပိုင်နိုင်အောင်

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၄၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း။
သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၅၃၃၃)
အမှတ် ၁၁၊ ၅၆ လမ်း။ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

သစ်ခက်အိမ်
ဘာညာကွိကွ / သစ်ခက်အိမ်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၂၈၊ ၁၃.၉၇ စင်တီ × ၂၀.၃၂ စင်တီ
(၃၀) ဘာညာကွိကွ

mgyoe.com

mgyoe.com SAMPLE BOOK

ပေပေ့အတွက် အမှတ်တရ . . .

သမီး ထူးတွယ်တာ



mgyoe.com

mgyoe.com SAMPLE BOOK



အနည်းဆုံးတော့
သေမှာ ကြောက်တာချင်း တူကြတာပဲ
အဲ့ဒါကြောင့်
မသေခင် ချစ်ကြမယ်...

mgyoe.com

mgyoe.com SAMPLE BOOK


# အိပ်ဇမ်းရှမ် (စာမေးပွဲခန်း)

—

ဖိရေးလို့မရတဲ့ စာရွက်တွေထဲ
တရားနဲ့ ဖြေတိုင်း
အောင်မှတ်နဲ့ လွဲတယ်။

တိတ်ဆိတ်မှုက
တိတ်တိတ်ဆိတ်ဆိတ်ပဲ ဆိုတယ်
ငရဲဆိုတာ
နဖူးက စို့ထွက်လာတဲ့
ချွေးသီးချွေးပေါက်တွေပဲ တဲ့။

ကိုယ့်ကိုယ်ကိုယ် ပြန်စောင့်နေရတဲ့
အခန်းထဲ
ဘယ်သူမှ မကြားတဲ့ အသံတွေ
ခဏခဏ လွတ်ကျနေခဲ့။ ။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK

# Exam room

On those papers, the nib's unable to press harder,
whenever answered by Dhamma way,
missed out on the required mark.

Silent spells out quietly that
Hell is those sweat from forehead
that's oozing and leaking.

In the room,
it looks after by itself,
murmur voices dripped
quite often
no one hears it.

**Translate by Aung Myo Khant**

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ဆူဆိုက်ဒ်

နောက်ဆုံးတော့. . .
မှန်ကန်တဲ့ ဝါယာကြိုးကို
ရွေးချယ် ဖြတ်တောက်ပစ်လိုက်နိုင်တာမျိုးလေ
အမှန်တရားဟာ
ဝုန်းခနဲ
ပေါက်ကွဲ ဆိုက်ရောက်လာခဲ့တယ်။ ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# Suicide

—

Finally,
it's kind of the right wire's been
picked and cut off.
The reality landed
with a loud crash.

**Translate by Aung Myo Khant**

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK


# သေခြင်း

ပြတ်ခါနီး ဖိနပ်အစုတ်နဲ့
ဘောလုံးကို ကျုံးကန်လိုက်ရသလိုမျိုး
ဂိုးတာ မဂိုးတာ
မသိတော့တာတစ်ခုပဲ
အရသာ။ ။

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK

# The end (Game Over)

—

It like kicking the ball all out
with about to run out shoes.
Not sure!
Whether goal or not.
Sensation.

**Translate by Aung Myo Khant**

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK

# အရုပ်များ

နှိုးစက် ရှိတယ်
အိပ်ပျော်စက် မရှိဘူး။
အိပ်ဆေး ရှိတယ်
နိုးထဆေး မရှိဘူး။
အဲဒီလို
ဆေးကို စက်နဲ့ ထုတ်ကြ
စက်ကို ဆေးထိုးပေးလို့ မရ
ဆေးစက်ကျရာ အိပ်ရာထ
ဆေးစက်ကျရာ ပြန်အိပ်ကြ။ ။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK

# Dolls

—

There is alarm clock
but no machine to make you sleep.
There is sleeping pill
but no medicine to wake you up.
As mentioned,
Drugs are made by machines.
Machines can't be medicated with drugs.
Have to wake up where a dye dropped.
Back to sleep at a dye fell.

**Translate by Aung Myo Khant**

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# မျက်ရည်တွေပေါ်က လှေ

—

ဘယ်လိုအစိုင်အခဲတွေနဲ့ ပိတ်ဆို့ထားသလဲ
နယ်နိမိတ်မျဉ်းတွေဟာ ခဏခဏထပေါက်တဲ့ သွေးကြောတွေပါ
သွေးတိတ်ဆေးတဲ့
သွေးကြောကွန်ရက်တွေ အပြတ်ပြတ်အတောက်တောက်ထဲ
အရောင်ဆိုးဆေးတွေဟာ အလံတွေကိုင်ပြီး ချီတက်လာကြ
မုန်တိုင်းဟာ တီးတိုးစကားဆိုဖို့ ကြိုးစားသလို
စားပွဲဝိုင်းတွေဟာ အာပုတ်ဆော်နံပြီး ကျန်ရစ်ခဲ့တယ်
ပါးလုပ်ကျင်းထားတဲ့ ရေတွေနဲ့ အသက်ဆက်ကြဖို့
ဘာအရသာမှ မသိတဲ့ သွားကြားထိုးတံလေးတွေထိ
တစ်ဖက်ကမ်းခပ် ခုတ်ထစ်လှီးဖြတ်ခြင်း အနုပညာ
ယဉ်ပါးမှုဆိုတာတောင် မေ့လျော့သွားထိ ယဉ်ကျေးမှုပါ
အသားကျမှုဆိုတာတောင် မသိတော့တဲ့အထိ အသားတကျ
မမြင်ရခြင်း အလင်းရောင်က အဘိဓာန်ထဲ မပါဘူးလေ
မျက်ရည်တွေနဲ့ကြည့်မှ ဟိုဘက်ကမ်းက မီးထိန်ထိန်တွေဟာ ပိုလှသွားတယ်
အလှဟာ မျက်ရည်ခိုင်ကျည်သူတွေအဖြစ် ဗီဇဟာ ပဋိသန္ဓေများအထိ
လှတာကို လက်ခံရရှိပုံ ပိုင်ဆိုင်ရရှိပုံဟာ လှပ မလှပ
ပုံရိပ်တွေ အထပ်ထပ်ပြေးဝင်တိုးဆောင့်ခြင်းကာလရှည်
သံလွင်ခက်မဏ္ဍိုင်နဲ့ ကျားတွေဆီမှ ခိုတွေဆွဲတဲ့ရထားနဲ့ ငြိမ်းချမ်းခြင်းဆီသို့
အိပ်မက်မှာ သံလျက်ဟာ ပြတိုက်ထဲမှာပဲ ရှိရမယ်ပေါ့
အဲဒီလိုခရီးရှည်ကြီးက မိုင်တိုင်တွေ ရိပ်ခနဲ ရိပ်ခနဲ အရှိန်

mgyoe.com

mgyoe.com SAMPLE BOOK

အလံတွေလွင့်နေဖို့ ပြေးလွှားအော်ဟစ်နေစရာမှ မလိုတော့ဘူး
ရာသီဥတုဟာ နွေမှာ ဝေပေးတဲ့ အနွေးထည်တွေလို
ခုံဖိနပ်လေးတွေနဲ့ ခုန်လို့မရမှန်း ခုံရုံးတင်ရတော့မယ့်ထိ
နှင်းနဲ့မိုးခိုးနဲ့ ဓာတ်ပြုခြင်းအဖြေ
မြူခိုးတွေ
သဘာဝလေပြေလေညင်းတွေ တိုက်ပါစေ
အဲ့ဒီရှက်ဟာ ဘယ်လို/ဘယ်သူ လွင့်တင်လွင့်နေတာလဲ
ခုလောလောဆယ် အရွှေ့ထဲ
အဲ့ဒီမေးခွန်းကပဲ အဖြေ။ ။

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK


# Rowing boat on the sea of tear

—

What kind of things was it blocked with?
Boundary lines are easy-to-burst capillaries.
TXA drug!
Artificial colouring is marching with flags into
the scattered blood vessel networks.
As a storm was trying to whisper,
tables remained with smelly breath.
To survive only with gargling water,
performing to achieve till tasteless toothpicks
by the mastery of chopping art.
A civilization which even forgotten what a subservient attitude is.
Habituality which even forgotten what accustomed manner is.
Invisible light is excluded from the dictionary.
It's even more colourful when gazing with tears
at the vivid lighting of the other side of the bank.
Beauty is for fearless people as well as the gene is till to conceive.
Receiving and possessing of beauty is a long way of
bumping impressions between plain and beauty.
Pigeons who lead a peace talks course are seeking
advice from tigers who wear olive branch crowns.

mgyoe.com

mgyoe.com
SAMPLE BOOK

In my dream, the four-edged dagger (Sanlyak) would be in a museum.
The speed of mileposts is accelerated rapidly in such a long journey.
No longer needed to yell and run in order to wave flags.
Weather is a kind of wearing sweater in summer.
Realized that it won't be able to jump with wooden sandals
till to go tribunal.
Haze is the conclusion of snow and smoke reactions.
Longing to have natural breezes.
How that flag is being waved by who?
This question is the answer to the current move.

**Translate by Aung Myo Khant**

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

## ပိုင်ရှင်မဲ့

—

တစ်စုံတစ်ရာ ကောက်ကြောင်း အချို့အတွက်
ကြည့်လိုက်တော့
တိမ်တစ်အုပ် ရွေ့နေတာ တွေ့တယ်
ရွက်ခြောက်တောအုပ်တစ်အုပ် မြင်ရတယ်
စီးကျလာတဲ့ မျက်ရည်တွေ
ကင်းပတ်စပေါ်
မိုးဥတု သဲသဲမဲမဲ. . .
ကိုယ်ဟာ
အရောင်တွေထဲ
လင်းလက်သွားခဲ့သလား
ပန်းချီကားထောင့်မှာ
ကိုယ့်ကိုယ်ကိုယ် ရှာလိုက်ဖို့တောင်
မေ့လျော့သွားခဲ့။ ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ဂလက်ဒီရေတာများ

—

သူ့ရဲ့ကောင်းဆိုတဲ့ ငါးစာမှာ
ခေတ်ပေါ်ကိရိယာတွေ တပ်ပြီး
ခုန်. . . ခုန်ဟပ်နေဆဲ. . .
ပါးဟက်ထဲ ဖောက်ဝင်သွားတဲ့ ချိတ်ကိုမှ
ရင်ဘတ်က. . .
ဆုတ်ဆိပ်တွေရဲ့အရသာလို ချိုမြိန်နေကြဆဲ. . .
စီခနဲ. . . ချွင်ခနဲ
လဲပြိုမသွားသေးတဲ့ ဓားချင်းထိခတ်သံဟာ
လတ်လတ်ဆတ်ဆတ်. . .
ကြည့်လိုက်စမ်းပါဦး
ရှုမျှော်ခင်းတွေထဲ. .
ငါတို့ တွန်းလှဲခဲ့တဲ့ အီဖယ်မျှော်စင်ကြီးတောင်
ကမ္ဘာကြီးအတိုင်း ပြန်တည့်ဖို့
သူ့အိပ်မက်တွေကို စစောင်းနေရပြီ။ ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK



# မျက်လှည့်

—

ငါတို့သည်
ဘယ်ကရောက်လာမှန်းမသိတဲ့ လူအုပ်ကြီးထဲက ထွက်ပေါ်လာကြသည်
ငါတို့သည် နောက်ကွယ်က လက်မည်းကြီး ဖြစ်သည်
ငါတို့သည် အကွက်လှလှ ရွှေ့တတ်သူများလည်း ဖြစ်ကြသည်
ငါတို့သည် တစ်ဖက်ပိတ်လည်း ဖြစ်သည် နှစ်ဖက်ပိတ်လည်း ဖြစ်သည်
ငါတို့သည် အဖက်ဖက်က ပိတ်မိနေသည်
ငါတို့သည်. . .
ငါတို့သည်. . .
ထို့နောက်
ငါတို့သည် ဘယ်ကရောက်လာမှန်းမသိသော လူအုပ်ကြီးထဲ
ဝင်ရောက်ပျောက်ကွယ်သွားမြဲ ဖြစ်သည်
ထို့ကြောင့်
ငါတို့သည် ငါတို့ဖြစ်နေကြရသည်။
ငါတို့သည်. . .။ ။

◆ ◆ ◆

mgyoe.com

mgyoe.com SAMPLE BOOK

# ပင်လယ်ငါး

—

ပင်လယ်မှသာ မြင်နိုင်သော လရောင်ရဲ့ ဆွဲငင်အားတွေထဲ
ကဆုန်ဆိုင်း ရိုင်းစိုင်းတတ်သော မုန်တိုင်းရဲ့လှိုင်းတွေထဲ
နက်နဲစွာ လျှို့ဝှက်တတ်သော ရေနက်နက်ရဲ့ စီးကြောင်းတွေထဲ
အင်အားကြီးမားသော ပိုင်နက်ပိုင်ဆိုင်မှု အကွေ့အကောက်တွေထဲ
အရေခွံထူထူကြီး ခြုံမထားနိုင်တော့
ဒဏ်ရာဆိုတာ. . . မွေးရာပါ အမာရွတ်တွေလို လှိုက်စားလို့
အခါများစွာ အော်ဟစ်မိလိုက်တဲ့ အသံတိုင်း
အသံထက် ကျယ်လောင်စွာ
ပင်လယ်ကျောက်ဆောင်က မာကျောကျော ပွဲတင်သံပြုတယ်
"ပင်လယ်ပျော် ငါးတစ်ကောင်ရဲ့ ဒဏ်ရာဟာ
ပင်လယ်ရေနဲ့ပဲ ကျက်သွားမှာပါ" တဲ့။
ပင်လယ်ကို ဆေးတစ်ခွက်လို မော့သောက်နေမိတဲ့ ငါးတစ်ကောင်
ခုထိတော့ . . .
. . . . . . . . . . . . .။ ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## အသက်မရှုတော့သူများ၏ ရှာပန

—

သေသူအတွက်ဆိုပြီး
ကိုယ့်ရှိနေခြင်းက အရင်ရောက်ခဲ့
စက္ကူယပ်တောင်လေးက
မျက်ရည်စစ်စစ်တွေနဲ့ မျောသွားလိုက်တာ
ပြန်ရောက်မလာတော့ဘူး. . .
ဘာအရောင်ယူမလဲ. . .
ဝမ်းနည်းခြင်းအတုတွေသာ
ပလပ်စတစ်ဝတ်ရုံတွေနဲ့ ခေတ်ကိုခြုံပြီး ရောက်လာခဲ့
ခပ်ကြ. . . ခတ်ကြ. . . ခတ်ကြ
လေပူတွေ တိုက်နေတယ်
ကိုယ်ထဲက လေပူတွေ တိုက်နေတယ်
ပျံ့ကြ. . . တက်ကြ. . .
အဲ့ဒီယပ်တောင်နဲ့ မြင့်သထက်မြင့်အောင် တက်ကြ
လေပူတွေ တိုက်နေတယ်
အဲ့ဒီယပ်တောင်လေးနဲ့ မြင့်သထက်မြင့်အောင် ပျံ့ဝဲကြ
အပေါ်မှာမှ အေးမယ်
အပေါ်မြင့်မှ အေးတယ်
ဒါပေမဲ့လို့. . . အ. . . အ. . . အသက်ရှူရကြပ်လာတယ်
ရတယ်. . . ရတယ်
မကြာခင် ကျင့်သားကျဖြစ်တည်သွားတတ်မယ်

mgyoe.com

mgyoe.com
SAMPLE BOOK

မကြာခင် နေသားတကျ ပျော်ဝင်သွားလိမ့်မယ်
ဟုတ်တယ်. . . ဟုတ်တယ်. . .
မြင့်သထက်မြင့်အောင် တက်ကြ
အပေါ်ရောက်မှ အေးမယ်
ဒီထက် မြင့်အောင် ပျံကြ
အ. . . အ. . . အသက်ရှူရကြပ်လာတယ်
ဒီထက် မြင့်အောင် တက်ကြ. . .
အသက်ရှူကြပ်လာတယ်
တက်ကြ. . . ပျံကြ. . . ဆက်လက်ပျံတက်ကြ
ဆက်ပျံကြ. . . ဆက်တက်ကြ. . .
. . .
အပေါ်မှာက အေးတယ်
အပေါ်ရောက်မှ အေးမယ်. . .
. . . . . . ။ ။

♦ ♦ ♦

mgyoe.com

mgyoe.com

SAMPLE BOOK



# ပျားရည် (သို့မဟုတ်) ပြက်လုံး

ပြက်ပါစေ
ပြုံနေတဲ့အထဲ
ပျော်ရတာပေါ့
ပျက်နေမှုတွေ
ပြုန်းသွားသွား မသွားသွား
ပျားတွေ ဝိုင်းဝိုင်းလည်နေတုန်း
ပြုံးလိုက်ရ နည်းလား။ ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## သင်ခန်းစာများ

—

ကိုယ်တိုင်ပါဝင်ဆောက်လုပ်ထားရသော်လည်း
တံတိုင်းကြီးရှိနေသည်ကိုပင် မသိ
ပဲ့တင်သံရောနှောသောအသံသာ မိမိအသံအစစ်ဟု
အော်ဟစ်ကြွေးကြော်ပါလေ။

အထိုထိုရရှိလာသော ခွန်အားများသည်
ဇက်ပိုးထက်၌ ဓားကဲ့သို့ တည်ကြောင်း
ရင်ဘတ်ကော့၍ ဖြန့်ကားဝေမျှခြင်းဖြင့်
ကိုယ့်ကိုယ်ကိုယ် မြှင့်တင်ရန် မမေ့လျော့သင့်။

ဖူးအာနုနယ်သော အနာဂတ်ခရီးသွားများထံသို့
ဩဝါဒကထာများ စူးရောက်စိုက်နစ်ဖို့ လိုသည်
လိုတရတုတ်ဆောင်ထားရန် လိုမည်
ဟယ်ရီပေါ်တာထံမှ အမိန့်ပေးလုယက်ယူငင်
ရနိုင်သည်ဟု ယုံကြည်လိုက်ပါ။

ရိုက်ကူးထားခဲ့သော ဓာတ်ပုံများ၏ စေပါးမှုဖြင့်
ဦးနှောက်များထဲသို့ ကင်မရာများ ရိုက်ထည့်ပေးပါ
မြင်ကွင်းရှေ့၌ မှန်ဘီလူးများ တပ်ဆင်ထားဖို့က
ပို၍အရေးကြီးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


မျက်စိတစ်ဆုံးလောက်၌ ပန်းတိုင်ကို စိုက်ထူညွှန်ပြပေးပြီး
မေးခွန်းများ၏ ကြောက်မက်ဖွယ်ကောင်းပုံကို
မေးခွန်းများမေးခြင်းဖြင့်
စဉ်ဆက်မပြတ် သက်သေပြ လုပ်ဆောင်နေရမည်။

အလားအလာရှိသည်လို့ ဆုံးဖြတ်ခံထားသူများကို
တိုးတိုးတိတ်တိတ် မှာကြားထားရပါမည်
အသံအကျယ်နိုင်ဆုံးသူက ဦးဆောင်သူဖြစ်ရမည်ဟု။

ကိုယ်တိုင်ပျောက်နေတဲ့လမ်းများကိုလည်း
ဝက်ပါလို့ ဆိုင်းဘုတ်ချိတ်ပါ
ကစားကွင်းကဲ့သို့ ဆေးရောင်များ ခြယ်သရန်လည်း မမေ့ပါနှင့်။

မိတ္တူစက်များသည် မှန်ကန်သည် တိကျသည်
အမှန်ခြစ်ပေးဖို့ လိုပြီ အမှန်ခြစ်ပေးရမည်
ကိုင်ဆောင်ထားသော မင်ရောင်သည်
အနီရောင်ဖြစ်ဖို့တော့ လိုပေသည်ပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK

လက်ရှိအချိန်သည် ယုံကြည်ရာအတွက်
နာကျင်ခဲ့ရသည်များကို ကြင်နာရမည့်အချိန်ဖြစ်သောကြောင့်
ကျောပြင်ပေါ်မှ အလျှိုးရာများသည်သာ
လမ်းပြမြေပုံဖြစ်ချေသည်ဟု လက်ခုပ်တီး၍ ဥဒါန်းကျူးရင့်ပါလေ။

အဓိကက ယန္တရားကြီးလည်ပတ်ဖို့အတွက်ပင် ဖြစ်သည်
အင်ဂျင်အိုကြီးက လဲလှယ်ရန် အပိုပစ္စည်းများ
အရေးတကြီး ဖြည့်ဆည်းပေးရန် လိုအပ်နေပေပြီ
ပြည်တွင်းဖြစ်ကလေးများက
မာချာကြသည် မာကြသည် ချာကြသည် မာချာကြရမည်။ ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုယ့်ဌ ကိုယ်တိုင်ပြန်ပေးမှု

တစ်ဖက်ကလည်း တည်ကြက်ဆိုတာ သိတယ်
တစ်ဖက်ကလည်း လိုက်လိုက်လျော့လျော့ ငါးစာ
ရထား. . . ရထား. . .
အဆက်အသွယ်ရတယ်
ခေါ်သွား. . . ခေါ်သွား. .
ပြီးတော့
အစာမကျွေးဘဲ တစ်လလောက်ထား
အဲ့ဒီကောင် သိပ်လူဝါးဝတယ်။ ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ရှောခ်

—

ကိုယ် ပုန်းရှောင်နေတဲ့နေရာက
အေးစိမ့်စိမ့် အဲကွန်းခန်းထဲ. . .
ကြားလိုက်ရတဲ့အသံက
ဥဩ ဥဩ ဥဩ
နွေ. . .
ကိုယ့်ကိုများ လိုက်ရှာနေလား
. . .
အလန့်တကြား
. . .
ဖျားပြီ။ ။

♦♦♦

mgyoe.com

mgyoe.com

SAMPLE BOOK



# ဒုံးပျံလွှတ်ခြင်း

ကယ်တင်ရှင်ကို ကယ်တင်ရခြင်း
အဖြစ်မျိုး
ပျံတက်သွားတဲ့ မီးရှူးမီးပန်းလို
ဟေးခနဲ ဟားခနဲ ဟစ်အော်. . . ပျော်
မနက်ဖြန်ဆိုတဲ့ မီးခိုးတန်းလေးထဲ။ ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## သက်တံတစ်စင်းရဲ့ ရှော်

—

စက္ကန့်တံနဲ့ မွမ်းလို့ တစ်လွှာချင်း စီရင်ချက်
လမ်းမီးတွေ တစ်ပွင့်ချင်း မှိတ်သွားပုံ
လျှပ်စစ်စီးနေတဲ့ အသားစိုင်တွေရှေ့
တစ်ကိုယ်တော် ဆတ်ဆတ်ခါ လှုပ်ခြင်း
တစ်ကိုယ်လုံး စိုရွှဲနေတဲ့ ဒြပ်မဲ့များ
တစ်ကိုယ်စာ မျက်ရည်တွေထက် အဆများစွာ
တစ်ကိုယ်တည်း စီးဝင် ပွတ်ရှမှုများအတိုင်း
အမှောင်ထဲ ဒဏ်ခံကြိုးတွေ တဖျပ်ဖျပ်
နောက်ဆုံးကခုန်ခြင်းအတိုင်း အဖန်ဖန်
အလင်းတစ်စနဲ့ မမျှသောမီးခိုးတွေ. . .
ရှေ့နေတဲ့တိမ်တွေထဲ ခုန်တက်ဝင်ပုန်းလို့
လွင့်မျောလွင့်ခြင်းမှာ အခါခါ အဖန်ဖန် အထပ်ထပ်. . .
တစ်ခါတစ်ခါ
သက်တံလို ခဏလေးပွင့်သွားတာက လွဲလို့။ ။

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK

# ဖန်လုံအိမ်အာနိသင်အတိုင်း တငွေ့ငွေ့လိပ်ပြာများ

—

ပုလင်းထဲကို ထပ်ပြီး ခုန်ဝင်မလား၊ ပုလင်းကို ရိုက်ခွဲ စာကို ဖောက်ထုတ်မလား
ဖြေလို့ရမလား၊ ဖြည်လို့ရမလား အထုံးအဆက် အထုံးအဆက်များ။
အလင်းရောင် ထိတွေ့မရတော့တဲ့ အသားတွေ
ညှော်တက်လာတဲ့အခါ
ကမ္ဘာပျက်နေတာကို နေကြာစေ့တစ်ထုပ်နဲ့ ထိုင်ကြည့်နေလိုက်
အဲ့ဒီလို ကိုယ့်အစော်အငွေ့နဲ့ ကိုယ်ပျော်အောင်နေ
ကိုယ့်လုံခြုံရေးကိုတော့ စာအိတ်ထဲ တံတွေးဆွတ်ပိတ်ထား
အဲ့ဒီလို လွတ်မြောက်ရေးလို့ အော်နေသူတွေရဲ့
အချုပ်ခန်းတွေကို ရှောင်ရှားတတ်ရမယ်. . .
မရှောင်သာတဲ့အတိုင်း. . .
အမှောင်နဲ့ပက်ပင်းတိုးတဲ့အခါ ဘာမှမမြင်ရဘူးလို့ အော်ဟစ်လိုက်
လက်ဆွဲနှုတ်ဆက်လိုက်တိုင်း ဖွန်ဘီအထိအတွေ့တွေချည်း
ပြတင်းပေါက်က လိုက်ကာပါးပါးလေးက ဘာမှမကြားရဘူးတဲ့
နောက်ဆုံးတော့ ကိုယ့်ပုံတံဆိပ်ခေါင်းနဲ့ စာအိတ်နောက်တစ်လုံး
ထပ်ရောက်လာလိမ့်မယ်. . .
ငြီးငွေ့ဖွယ် ခေါက်ရိုးကျိုးနေတဲ့ နာရီသံတွေ တွန်းချလိုက်တဲ့အခါ
တစ်ကိုယ်စာလုံခြုံမှုလေးက လျှောင်မယ် အိုက်စပ်လာမယ်
ဟုတ်တယ် ပူတယ်. . .
ပင်လယ်ထဲ ခုန်ဆင်းလိုက်
ငတ်မပြေယောင်ဆောင်ထားတဲ့ ခါးသက်သက်မိုးရေတွေထဲ ခုန်ချလိုက်

mgyoe.com